
# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေးရာစာစောင်


**အို ကောင်းကင် နားထောင်လော့။ ငါပြောမည်။ အို မြေကြီး ငါမြွက်ဆိုသော စကားကို ကြားလော့။ ငါ့စကားသည် နှင်းကဲ့သို့ ဖြည်းညှင်းစွာ ကျရောက်လိမ့်မည်။ တရားဟော – ၃၂း၁**





အမှတ်စဉ် (၁၇၇) မေလ ၂၀၁၆ ခုနှစ် မဗ္ဗဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est: September 2001


## အမေနဲ့ငါ

***အမေနဲ့ငါ*** (မင်းအောင်သက်လွင်)

ငါ ပုစုကွေး ကလေးဘဝ အရွယ်မှာ၊ ပညာသင်ကြား၊ ထမင်းစားဖို့
ငါ့ အမေ အပြင်ထွက် ၊ အလုပ် ထွက်လုပ်ခဲ့ရတယ်။
အမေ မရှိ ၊ အမေ့ကို မသိဘဲ။ ငါလေ ကြီးပြင်း လူလားမြောက်ခဲ့
အဖေးက အမေ ၊ ငါ ကျောင်းနေဖို့ လစဉ်ထောက်ပံ့ ငွေ နောက် လိုက်ခဲ့ရတယ်။
တန်ပြန်တလှည့် ၊ ငါ ကြီးလာတော့
ငါ့အမေ အိမ်မှာ နား။ ငါက အပြင်သွား။



အမေ စားဖို့ ငါ အပြင်ထွက် ၊ အလုပ် ထွက်လုပ်ခဲ့ရတယ်။
ငါ ဘေးနား မရှိ။ ငါ့ကို မသိဘဲ
အမေ တစ်ယောက်တည်း နေထိုင် ၊ သက်ကြားအို ဘဝ တိုင်ခဲ့။
အခုတော့လေ - နှစ်ပေါင်း နှစ်ဆယ်ကြာ ငွေ သိန်းဆယ်ဂဏန်း ပိုက်မိချိန်မှ
ငါနဲ့ အမေ အတူနေဖို့ ၊ ရွာပြန်မဲ့ဟန် ခြေလှမ်း ပြင်တော့ -
အမေလဲ မျှော်နေပြီ ၊ ငါလဲ ပျော်ချင်ပြီ။ ။

[အပြည်ပြည်ဆိုင်ရာ မိခင်များနေ့ ဂုဏ်ပြု အမှတ်တရအဖြစ် သားသမီးကို ပြုစုသော မိခင်များနှင့် မိခင်ကို ပြုစုသော သားသမီးများအတွက် -----]

--------------------------------

## သခင့်ခေါ်သံ




****သခင့်ခေါ်သံ**** ဖွန်ပန်း

- ထာဝရဘုရား သင့်အား ခေါ်နေသည် သင်ကြားမိရဲ့လား၊ မိတ်ဆွေ။ ထိုသခင်၏ ခေါ်သံကို ကြားလျှင် ထူးလိုက်ပါ။
- ထာဝရဘုရား သင့်ကို လမ်းညွှန်နေသည်၊ ထိုလမ်းကို သင် မြင်ပါသလား မိတ်ဆွေ။ ထိုလမ်းကို သင် မသိဘူးဆိုရင်၊ ထာဝရဘုရား၏ လမ်းညွှန်မြေပုံကို ဖွင့်ရှာလိုက်ပါ။
- ထာဝရဘုရား သင့်ကို အလိုရှိနေပြီ။ သင် သိပါသလားမိတ်ဆွေ။ သူ၏ ဧဝံဂေလိ သာသနာ၊ နေရာ အနံ့ ပြန့်ပွားဖို့အတွက်၊ သင့်ကို အလိုရှိတယ်။
- သင် တွေဝေနေပြီလား၊ မိတ်ဆွေ။ သင့်ရဲ့ အသက်တာကို သင်ပြန်ပြီး သတိရလိုက်ပါ၊ သင် တယောက်ထဲ၊ အဖေါ်မဲ့ အထီးကျန်နေတဲ့အချိန်၊ အားကိုးစရာ မရှိ၊ ခိုကိုးရာ မဲ့နေတဲ့ အချိန်၊ သင်သွားရမဲ့ လမ်းစ ပျောက်နေတဲ့အချိန်၊ ထိုအချိန်မှာ၊ သင့်ခေါ်သံကို ထူးပြီး သင့်တောင်းလျှောက်သံကို နားညောင်းခဲ့တဲ့ သခင်၊ သင့်ဘေးမှာ အဖေါ် ပြုလျက် ဖေးမ၊ ကူညီ၊ လမ်းပြ ပေးခဲ့တဲ့ ထိုသခင် အတွက်၊ သင် ဘာတွေ ပြန် ပေးဆပ် ပြီးပြီလဲ မိတ်ဆွေ၊ ထိုသခင်၊ ယခု သင့်ကို အလိုရှိနေပြီ၊ သင့်ကို ခေါ်နေပြီ၊ သင် ပြန်လည် ပေးဆပ်ဖို့ အဆင်သင့်ဖြစ်ပြီလား မိတ်ဆွေ၊ ထိုသခင် ဖြစ်သူ ထာဝရ ဘုရားသည်၊ သူ၏ နိုင်ငံတော်နှင့် ဆိုင်သော ဧဝံဂေလိ သာသနာ ကျယ်ပြန့် ဖို့ရန် အတွက်၊ သူ့ရဲ့ ခေါ်သံကို ထူးပြီး၊ သူ ညွှန်ပြတဲ့ လမ်းကို လျှောက်ပါ၊ သူ စေခိုင်းတဲ့ အတိုင်း နေရာ အနံ့အပြား သတင်းကောင်း ဖြန့်ဝေလိုက်ပါ၊ ချစ်မိတ်ဆွေ။

ချစ်သော - ဖွန်ပန်း*

-------------------------

## နောက်ကွယ်ကခံစားချက်



***နောက်ကွယ်က ခံစားချက်*** သိုးသူငယ် (ဒါးက)

အဓိပ္ပါယ် မပေါ်လွင်တဲ့ စာသားတချို့ကို သီကုံးရင်း
ရူးသွပ်မှုတစ်ခုအတွက် စာရေးနေခဲ့ဖူးတယ်။
အိပ်မပျော်တဲ့ ညတွေမှာ ခဲတံတစ်ချောင်းကို အဖော်ပြုရင်း
စာရွက်ပေါ်မှာ စာလုံးတွေ စီနေခဲ့ဖူးတယ်။
ပတ်ဂန်းကျင်ကို ငေးမောရင်း အတွေးထဲ နယ်ချဲ့
ကဗျာအသစ်တွေ စိတ်ကူးပုံဖော်ခဲ့ဖူးတယ်။
ဂမ်းနည်းစရာတွေ ကြုံတွေ့ရင်း အားငယ် စိတ်ပျက်မှု နွံထဲက
ခဲတံတစ်ချောင်းကို အားပြုရင်း ရုန်းထွက် ခဲ့ဖူးတယ်။
နလုံးသား အရင်းခံ ရေးထားတဲ့ စာသားတစ်ချို့ရဲ့ နောက်ကွယ်က
ခံစားချက် တစ်စုံကို အသိအမှတ် မပြုရင်နေပါ။
- - - ဥပေက္ခာတော့ မပြုလိုက်ပါနဲ့။ ။




## ဘုရားသခင်၏အမှုတော်ဆောင်



**ဘုရားသခင်၏အမှုတော်ဆောင်** (မင်းအောင်သက်လွင်)

- ➢ ဘာသာရေး တိုးတက်အောင် လုပ်ဆောင်သူ မဟုတ်။

-ဝိညာဉ်ရေး တိုးတက်အောင် လုပ်ဆောင်သူ ဖြစ်တယ်။

- ➢ ကျမ်းစာ အဟော အပြောကောင်းသူ မဟုတ်။

-ဘုရားစကားကို ဖေ့တတ်သောသူ ဖြစ်တယ်။

- ➢ ရေကြည်ရာ မြက်နုရာ နဲ့ ဒေါ်လာ ရှာသူ မဟုတ်။

-ပျောက်ဆုံး ဝိညာဉ်တွေကို ရှာဖွေသူ ဖြစ်တယ်။

- ➢ သူဌေးတွေ နိုင်ငံခြားပြန်တွေ မြို့ကြီးသားတွေကို ရွေးပြီး ဟောသူ မဟုတ်။

-ဝိညာဉ် ဆာငတ်သူတွေကိုသာ ဟောပြောသူ ဖြစ်တယ်။

- ➢ ကောင်းကြီးမင်္ဂလာ အကြောင်း မဲဆွယ် ပြောသောသူ မဟုတ်။

-ကောင်းမြတ်သော အရှင်အကြောင်း ပြောသောသူ ဖြစ်တယ်။

- ➢ မိမိ ပေါ်ပြူလာ ဖြစ်အောင် လုပ်သူ မဟုတ်။




-ဘုရားကို လူအများသိအောင် လုပ်သူ ဖြစ်တယ်။

- ➢ အသင် အပြ ကောင်းသူ မဟုတ်။

- စိတ်နှလုံး ကောင်းသူ ဖြစ်တယ်။

- ➢ ခရစ်ယာန် ဖြစ်ပြီးသား သူတွေကို နှစ်ထပ်ကွမ်း ခရစ်ယာန်ဖြစ်အောင်ခရစ်ယာန်တရား ပြန် ဟောသောသူ မဟုတ်။

-ခရစ်တော် အကြောင်း မသိသေးသောသူအတွက် ဧဝံဂေလိ တရားဟောပြောသူ ဖြစ်တယ်။ ။

## ဘုရားသခင်အရာအားလုံးကိုတတ်စွမ်းနိုင်ပါသည်

***ဘုရားသခင်အရာအားလုံးကိုတတ်စွမ်းနိုင်ပါသည်***(နော်ဆွေဆွေလတ်)

ကျမ အဖေ နှစ်ယောက်ရဲ့ ကောင်းမြတ်ခြင်း အကြောင်းကို သက်သေခံချင် ပါတယ်။ ကျမ ကို လူဖြစ်အောင် ဖန်ဆင်းပေးခဲ့တဲ့ ကောင်းကင်အဖ နဲ့ ကျမကို ကျွေးမွေး ပြုစုခဲ့တဲ့ လောကဖေဖေ အကြောင်းပါဘဲ။



(၁) လောက အဖေ - ကျမတို့ မောင်နှမ ခြောက်ယောက်မှာ ကျမ က အငယ်ဆုံးပါ။ **၁၉၈၈ အရေးအခင်း ကာလတုံးက ကျမ ကျောင်း မတက်ရသေးပါဘူး။ အရေးအခင်း ပြီးတော့ ကျမ အထက်က အစ်မ နှစ်ယောက်နဲ့ ကျမကို အတူတူ ကျောင်းထား ပေးပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ နောက်နှစ်မှ ကျောင်းထားရင် ကျမ အတွက် အဖော်မရှိ တစ်ယောက်တည်း အားငယ်မှာ စိုးလို့ အပါးက အစ်မ နှစ်ယောက်နဲ့ ကျမ ကို အတူတူ ကျောင်းထားပေးပါတယ်။** ကျမတို့ ညီအစ်မ သုံးယောက်ကို တစ်တန်း တည်း တစ်ခုံတည်း ထိုင်ရအောင် အပါးက အတန်းပိုင် **ဆ**ရာမ တွေကို လိုက်ပြော ပေးပါတယ်။ ကျမ အစ်မ နှစ်ယောက်နဲ့ အတူတူ ကျောင်းတက်ရတော့ အရမ်း ပျော်ပါတယ်။ ကျမ က အစ်မ နှစ်ယောက်ကြားမှာ ထိုင်ရပါတယ်။ ကျမ က စာ အရမ်း ညံ့ပါတယ်။ သင်္ချာကို ကျက်ပြီးတော့ ဖြေရပါတယ်။ အဲဒီလောက်အထိ ညံ့ခဲ့ပါတယ်။ ကျမတို့ လေးတန်း အောင်ပြီး ငါးတန်း ရောက်တော့ ကျောင်းပြောင်းရပါတယ်။

အဲဒီ အချိန်မှာ အမှတ်နဲ့ အခန်းခွဲတော့ ကျမ က G အခန်းကို ရောက်သွားပါတယ်။ အစ်မ ၂ယောက်က D အခန်းမှာ ရတယ်။ ကျမ ဟိုး ငယ်ငယ်လေး ကတည်းက အစ်မ တွေနဲ့ဘဲ အတူတူ နေခဲ့ရတော့ လူ အရမ်းကြောက်ပါတယ်။ အစ်မ တွေကိုဘဲ အမြဲ အားကိုး ခဲ့တယ်။ အစ်ကို အစ်မတွေကလဲ ကျမကို ခလေး လို့ဘဲ ခေါ်ခဲ့ကြပါတယ်။ အဲဒီလို အစ်မ တွေနဲ့ ခွဲပြီး G အခန်း ရောက်သွားလို့ ငိုယိုပြီး ကျမ ကျောင်း မတက် တော့ပါဘူး။ အဲဒီအခါမှာ အပါးက ကျောင်းအုပ်**ဆ**ရာကြီးကို တောင်းပန်ပြီး ကျမ အတွက် ပြောပေးခဲ့တယ်။ အပါး အပြင်က ပြန်လာရင်လဲ ကျမတို့စားဖို့ ကြေးအိုး ခေါက်**ဆွဲ** မုန့်အမျိုးမျိုး ဝယ်လာကျွေးပါတယ်။ ကျမတို့ ညီ



**Happy Mother's day.**

အစ်မတွေ ကစား ထားလို့ မောပြီး အိပ်ပျော်နေရင်တောင် ပုပုလေး စားရအောင် ဆိုပြီး နှိုးပြီး ကျွေးပါတယ်။ အိပ်ယာက မထရင် ရိုက်ပြီး နှိုးပြီး ကျွေးတဲ့ အဖေ မျိုးပါ။ အပါးဟာ ကျမ တို့ မိသားစုကို အရမ်း ကရုစိုက်ပြီး ချစ်ပါတယ်။ ကျမ တို့ မောင်နမ တွေကလဲ အပါးနဲ့ အမိုးကို အရမ်းချစ်ကြပါတယ်။ ဘုရားသခင် အပါးနဲ့ အတူရှိပြီး ဘုရား သခင် ကောင်းကြီး ပေးပါစေ။



(၂) ကောင်းကင် အဖေ- ကောင်းကင် အဖေ ဖြစ်တဲ့ ဘုရားသခင် အကြောင်း သက်သေ ခံချင်ပါတယ်။ ကျမတို့ ညီအစ်မတွေ ၂၀၀၀ ခုနှစ်မှာ **ဆယ်**တန်း ဖြေပြီး တော့ ပုသိမ်ကနေ ရန်ကုန် အထည်ချုပ် စက်ရုံမှာ အလုပ်လုပ်ဖို့ လာခဲ့ပါတယ်။ ကျမ တို့ စက်ရုံက လုပ်သား သုံးထောင်ကျော် ရှိတော့ စက်ရုံ ၂ **ရုံ** ခွဲထားပါတယ်။ အစ်မ တစ်ယောက်က စက်ရုံ **၁** မှာ တာဝန်ကျပြီး အခု စင်ကာပူမှာ ရောက်နေတဲ့ နောက် အစ်မ တစ်ယောက်နဲ့ ကျမ က စက်ရုံ ၂ မှာ တာဝန်ကျ ပါတယ်။ ဘုရားသခင်က ကျမ အပေါ် အရမ်း ကောင်းမြတ်ပါတယ်။ ကျမ လူကြောက်တတ်မှန်း သိလို့ ကျမ နားမှာ အစ်မ တစ်ယောက်ကို အမြဲ ထားပေးပါတယ်။ ကျမ တို့ စက်ရုံက ညီအစ်မ အချင်း ချင်း တစ်လိုင်းထဲ တာဝန် ချပေးလေ့ မရှိပါဘူး။

ဒါပေမဲ့ ဘုရားသခင်ရဲ့ ကျေးဇူး တော်ကြောင့်သာ ကျမတို့ ညီအစ်မ ၂ယောက် တစ်လိုင်းထဲ တာဝန် ကျခဲ့ပါတယ်။ ကျမ တို့ ချုပ်ရတဲ့ အထည် စတိုင် တွေကို စတိုင် အသစ် ပြောင်းတဲ့ အခါတိုင်း ကျမ ဘုရား သခင်ကို **ဆု**တောင်းလေ့ ရှိပါတယ်။ လွယ်တဲ့ နေရာဘဲ ချုပ်ခွင့်ရဖို့။ တချို့ စတိုင်တွေ **ဆို**ရင် ချုပ်စရာ ပွိုင့် သိပ်မရှိလို့ တစ်ပွိုင့်ကို လူ ၂ယောက် သုံးယောက် အတူတူ ချုပ်ရတာတွေလဲ ရှိပါတယ်။ အဲဒီ အခါကျရင် အစ်မနဲ့ အတူတူတွဲပြီး ချုပ်ရဖို့ **ဆု**တောင်းတဲ့အခါမှာ အစ်မနဲ့ဘဲ အတူတူ ချုပ်ခွင့်ရခဲ့ပါတယ်။ အဲဒါနဲ့ ကျမတို့ ညီ အစ်မတွေ ၂၀၀၇ ခုနှစ်အထိ လုပ်ခဲ့ပါတယ်။ ကြာလာတော့ အရမ်းငြီးငွေ့ပါတယ်။



တကယ့်ကို အထည်စက်ရုံမှာ မလုပ်ချင်တော့ဘူး။ အဲဒါနဲ့ စက်ရုံထဲ ဝင်လိုက် ထွက် လိုက်နဲ့ ကျမ ဘုရားသခင်ထံ ငိုယိုပြီး **ဆု**တောင်းခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက်နေ့မှာ ကျမ စင်ကာပူကို အိမ် အလုပ် အကူနဲ့ ရောက်လာခဲ့ပါတယ်။ ကျမ မိသားစု တွေက ကျမ အတွက် အရမ်း စိတ်ပူကြပါတယ်။ အိမ်မှာ **ဆို**ရင် ထမင်း ဟင်း မချက်တတ် ဈေးတောင် မဝယ်တတ်။ လမ်းလဲ တစ်ယောက်တည်း မသွားရဲတဲ့ ကျမ သူများ နိုင်ငံမှာ အောက်ခြေသိမ်း အလုပ်ကို လုပ်နိုင်ပါ့မလားလို့ မိသားစု ဝင်တွေက စိုးရိမ် ကြပါတယ်။ ကျမက စက်ရုံမှာ အလုပ် မလုပ်ရရင် ပြီးရော စင်ကာပူကို သွားမှာ ဘဲလို့ စိတ်ပိုင်းဖြတ်ခဲ့တာပါ။ ကျမ စင်ကာပူကို လာတဲ့ အချိန်မှာ ကျမ အမေက **ဆီး**ချို ရောဂါ ကြောင့် အဖေးကို သိပ်မမြင်ရပါဘူး။ ကျမ အမိုးကို နမ်းပြီး၊ မိသားစုကို နှုတ်**ဆက်**ပြီး ထွက်လာခဲ့ပါတယ်။ ကျမ တို့ ကိုးကွယ်တဲ့ ဘုရားသခင်ဟာ တစ်**ဆု** တည်းသော အသက်ရှင်သော ဘုရား ဖြစ်ပါတယ်။

အပါး ဟာ ကျမ အတွက် အကောင်း**ဆုံး** ပြင်**ဆင်**ပေးခဲ့ပါတယ်။ သဘော ကောင်းတဲ့ ပွဲစားနဲ့ ပေးတွေ့စေသလို အိမ်ရှင်ကောင်းကောင်းကိုလဲ ရရှိခဲ့ပါတယ်။ လူငါးယောက်၊ နှစ်ထပ်အိမ်၊ ကားတစ်စီး ရဲ့ တာဝန်ကို လုပ်ခဲ့ရပေမဲ့ လုပ်နိုင်ခဲ့ပါတယ်။ လုပ်သက် တစ်နှစ်ပြည့်တဲ့ အထိ အဘွား ကဘဲ ချက်ပြုတ်နည်းကို သင်ကြား ပေးခဲ့ ပါတယ်။ ကျမ လုပ်သက် ၂နှစ် ပြည့် လို့ မြန်မာပြည်ကို အလည်ပြန်ချိန်မှာ အမိုးဟာ **ဆီး**ချိုရောဂါ ခံစားနေရလို့ **ဆေး**ရုံ တက်လိုက် **ဆင်း**လိုက်နဲ့ ရောဂါ ပြင်းထန် ခဲ့ပါတယ်။ ကျမ ပြန်ရောက်ပြီး ၁၅-၉-၂၀၁၀ မှာ အမိုး ခေါ်တော်မူခြင်း ခံရပါတယ်။ ကျမ အမိုးကို မြှေပြီး နောက်တနေ့မှာ ကျမ စင်ကာပူကို ပြန်လာခဲ့ပါတယ်။ အိမ်ရှင် အသစ်၊ အလုပ် အသစ် ပြောင်းဖို့ ကျမရဲ့ ကျောင်းနေဖက် သူငယ်ချင်းက ကူညီပေးလို့ အလုပ်အသစ် စဝင်ခဲ့ရပါတယ်။ အမိုး ကလဲ **ဆုံး**ပြီးကာစ အိမ်ရှင်ကလဲ အသစ် **ဆို**တော့ စင်ကာပူကို ချက်ခြင်း ပြန်မလာချင် ပါဘူး။ ဒါပေမဲ့ ဘုရားသခင် ကျမနဲ့ အတူတူရှိတယ် **ဆို**တဲ့ ယုံကြည်ချက်နဲ့ ပြန်လာခဲ့ ပါတယ်။ ကျမ အခု လက်ရှိ လုပ်တဲ့ အိမ်မှာလဲ မိသားစု ၅ယောက် ဖြစ်ပါတယ်။ ကလေး သုံးယောက် နဲ့ **ဆရာနဲ့ ဆရာမ လင်မယား ကားတစ်စီး ဖြစ်ပါတယ်။ ဆရာမ က ကင်ဆာရောဂါသည် ဖြစ်ပြီး ဆယ်နှစ်အထိ ကင်ဆာရောဂါ ခံစားခဲ့ရသူ ဖြစ်ပါ တယ်။ ရောဂါ သည်မို့ အရမ်း ဇီဇာကြောင်ပါတယ်။ ၇ရက်မှာ ၄ရက်လောက် ကျမ သူနဲ့ စကား များပြီး ငိုခဲ့ရပါယတ်။ ကြာလာတော့ ကျမ ခံနိုင်ရည် မရှိတော့ပါဘူး။ ည သန်းခေါင် အထိ အလုပ်လုပ်၊ မနက်စောစော ၅ နာရီ ထ ရတော့ ကျမ အိပ်ရေးမဝ သလို အလုပ်ပင်ပန်းတဲ့အတွက် ကျမ အပြီးပြန်တော့မယ်လို့ ဆုံး ဖြတ်ချက်ချပြီး ဆရာမ ကို ပြောခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ ပြန်မလွှတ်ပါဘူး။ သူတို့ လဲ ခရစ်ယာန်၊ ကျမ လဲ ခရစ်ယာန် မို့ သူတို့ မိသားစုက ကျမ ကို အရမ်းကြိုက်လို့ ပြန်မလွှတ် နိုင်ဘူးလို့ ပြော ပါတယ်။ ဘုရားသခင် အရမ်းကောင်းမြတ်ပါတယ်။ အဲဒီ နောက်ပိုင်းက စပြီး ဆရာမ က ကျမ ကို မဆူတော့ပါဘူး။ ဇီဇာလဲ သိပ် မကြောင် တော့ပါဘူး။ အခန့်မသင့်လို့ သူနဲ့ ကျမ စကားများရင်တောင် နင်နိုင်ပါတယ်နင်**ကို ငါ အရှုံး ပေးပါတယ်လို့ပြောပြီး အရှုံး ပေးသွား တတ်ပါတယ်။

ဒါပေမဲ့ စိတ်မကောင်းစရာပါဘဲ ကျမ အဲဒီအိမ် ရောက်ပြီး တစ် နှစ် အကြာမှာ **ဆ**ရာမ ကင်**ဆာ** ရောဂါနဲ့ **ဆုံးပါး** သွားခဲ့ပါတယ်။ ပထမ တုံးကတော့ ကျမ သူ့ကို မုန်းခဲ့ပေမဲ့ နောက်ပိုင်း သူရောဂါ ခံစားနေရမှန်း သိလို့ သနား သွားခဲ့မိပါ တယ်။ ကျမ သူ့ကို ချစ်ပါတယ်။ **ဆ**ရာမ က ကျမကို မှာသွားတယ်၊ သူ မရှိတဲ့ နောက် ပိုင်း သူ့မိသားစုကို ကရုစိုက်ပါတဲ့။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်သာ အလုပ် **ဆက်** လုပ်နိုင် ခြင်းပါ။ ကျမ ဒီအိမ်မှာ အခု အလုပ်လုပ်နေတာ ၅ နှစ်ပြည့် သွားပါပြီ။ အရာ အားလုံး ကျမ စိတ်သဘောအတိုင်း ချက်ပြုတ်လို့ ရပါတယ်။ နောက်တစ်ခု ဘုရား သခင်က အံ့ဩဘွယ်ကောင်းတာ တစ်ခု ထပ်မံ ပြုပေးခဲ့ပါတယ်။ မြန်မာပြည် မှာတုံးက ကျမ ဘာလုပ်လုပ် ကျမရဲ့ အစ်မ တစ်ယောက်ယောက် အမြဲ ကျမရဲ့ ဘေး နားမှာ ရှိခဲ့သလို အခု စင်ကာပူမှာ ရှိနေချိန်မှာလဲ အစ်မ တစ်ယောက်ကို ကျမ ဘေး နား ရောက်အောင် ဘုရားသခင်က ပို့ပေးခဲ့ပြန်ပါတယ်။ ကျမ အစ်မ လုပ်သက် ၂နှစ် ပြည့်လို့ အိမ် အလည်ပြန်ပြီး အိမ်အသစ်ပြောင်းဖို့ မြန်မာပြည်မှာ စောင့်နေတဲ့ အချိန် မှာ ကျမ အိမ်ဘေးနားက **ဆ**ရာမ တစ်ယောက်ကို ကျမ က နင့်သူငယ်ချင်းတွေ အလုပ်သမ လိုချင်ရင် ပြောပါ၊ ငါ့ အစ်မ စင်ကာပူ လာ အလုပ် လုပ်ချင်လို့လို့ ပြောထား လိုက်ပါတယ်။

မကြာခင်မှာ ကျမ နေတဲ့ ဒုတိယ ထပ်က **ဆ**ရာမ တစ် ယောက်က သူ လူလိုချင်တဲ့ အကြောင်း ပြောလာပါတယ်။ အဲဒီ **ဆ**ရာမ ကလဲ ဇီဇာ ကြောင် ပြန်ပါတယ်။ ဒါနဲ့ ကျမ က အခု ခေါ်ပေးမဲ့ သူက ငါ့ အစ်မအရင်း၊ နင်ကြိုက်မှ ခေါ်ပါလို့ပြောတော့ နောက်**ဆုံး** ဘုရားသခင် စိတ် တို့ထိပေးလို့ ကျမ အစ်မဟာ အောက်ထပ်က အိမ်မှာ အလုပ် ရသွားခဲ့ပါတယ်။ ကျမ တို့ ညီအစ်မ နှစ်ယောက် အပေါ်ထပ် အောက်ထပ်က အိမ်နီးနားချင်း အိမ်တွေမှာ နီးနီးနားနား အလုပ်လုပ်ခွင့် ရခဲ့ ကြပါတယ်။ အစ်မလဲ အဲဒီ အိမ်မှာ ၂ နှစ်ပြည့်သွားတဲ့အထိ အေးအေး လူလူ အလုပ် လုပ်ခွင့်ရသလို ကျမတို့ ညီအစ်မ နှစ်ယောက် အိမ်နီးနားချင်း အနေနဲ့ အတူတူ အလုပ်လုပ်ခွင့် ဘုရားကျောင်း အတူတူ တက်ခွင့် ရသွားပါတယ်။ အဲဒီ အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ။ နော်ဆွေဆွေလတ်

---

## လူ

လူ (ဆယ်မြို့ရယ်စိုးလွင်)

*၁။ ဘုရားဖန်ဆင်းသောလူသား။*

ကမ္ဘာဦး ၁း၂၇ တွင် ရိုးရှင်းစွာဖြင့် “ဘုရားသခင်သည် လူကို ဖန်ဆင်း တော်မူ၏” ဟုဖေါ်ပြသည်။ သမ္မာတရားက ထပ်တူထပ်မျှ ဆာလံ ၁၀၀း၃၊ ဟေရှာယ ၄၅း၁၂ နှင့် မာလခိ ၂း၁၀ တို့တွင် လည်းဆိုထားလေသည်။ ခရစ်တော် ဘုရားက အာဒံ နှင့် ဧဝ အား “ ဘုရားရှင် ဖန်ဆင်းတော်မူသည့် ” အကြောင်းကို မာကု ၁၀း၆ တွင် မိန့်တော်မူခဲ့ပြန်ပါသည်။ အရာ ခပ်သိမ်း တို့အား ယေရှုခရစ်တော်အားဖြင့် ဖန်ဆင်း ခဲ့သည်ဟု ရှင်ပေါလု ဆိုရာတွင်



လူလည်း အပါအဝင်ပင်ဖြစ်သည် ( ကောလော ၁း၁၆ )။ Liberal နှင့် ဆင့်ကဲဝါဒီ သမားများက လူသည် ဘုရားရှင်က ဖန်ဆင်းသည် ဆိုသည့် အရာကို လက် မခံလိုကြပေ။ သူတို့၏ သွန်သင်ချက်ကား လူသားတို့သည် နှစ်ပေါင်း ရာထောင်ချီပြီး သေးငယ်သော အရာများမှ ဆင့်ကဲ ဆင့်ကာ တဆင့်ပြီး တဆင့်မှ နောက်ဆုံးတွင် လူဖြစ်လာသည်ဟု ဆိုကြသည်။ လူကို ဘုရား ဖန်ဆင်း သည်ဟု လက်ခံပါက တနေ့လူသည် ဘုရားရှင်ရှေ့တွင် ဖြေရှင်း ရမည်ကို သူတို့ သိကြသည်။ သူတို့၏ ဩဝါဒကို လက်ခံသောသူတို့မှာကား မိမိ ကိုယ်သာ ဘုရား အဖြစ် နှင့် ပျော်သလို နေရန်သာ ကျင့်သုံးကြလေသည်။

*၂။ ပုံသဏ္ဌာန်တော်နှင့် အညီဖန်ဆင်းခံရသူ။*

ကမ္ဘာဦး အစတွင် လေးကြိမ်တိုင်တိုင် “ပုံသဏ္ဌာန်တော်နှင့် အညီ” ဖန်ဆင်းကြောင်း ဖေါ်ပြပါသည်။ ကမ္ဘာဦး ၁း၂၆၊ ၂၇၊ ၉း၆ တို့တွင် ဆိုလို သည်ကား ဖန်ဆင်း



သခင့်စကား မိသားစုရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၇ မေလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွက် အခမဲ့ ဖြန့်ချိရန် ဂန္ထဝင ထုတ်ဝေသည်။

ခြင်းပင်ဖြစ်သည်။ အချို့က လူမှာ ရုပ်ခန္ဓာ ရှိသည့် အရာက ဘုရား ကဲ့သို့ သဏ္ဍာန်ဟု ယူဆကြသည်။ ခရစ်တော်၏ စကားကိုကြည့်ပါက ၎င်းအရာသည် လုံး၀ မှားယွင်း ကြောင်း သိရလေသည်။ အကြောင်းမှာ "ဘုရားရှင်သည် နံ၀ိညာဉ် ဖြစ်တော် မူ၏" ဟု ယော ၄း၂၄ တွင်တွေ့ရသောကြောင့် ဘုရားရှင်၌ ရုပ်ခန္ဓာမရှိပါ။ အချို့က ခရစ်တော်လောကသို့ ကြွလာသောအခါ ယူမည့်ရုပ်ခန္ဓာအား လူတို့၌ ပေးအပ် ခံရခြင်းကို ပုံဏ္ဍာန်ခန္ဓာ ဟုယူဆကြပြန်၏။ သို့သော် ဖိ ၂း၇ တွင် ရှင်ပေါလုက ခရစ်တော် သည် "လူကဲ့သို့သော အဖြစ်၌ ဖွားမြင်ခြင်းကို ခံတော်မူပြီ" ဟု ဆို၏။ လူ ကဲ့သို့သော အဖြစ်ကို ယူသည်ဆိုသောကြောင့် ခရစ်တော်၏ ပုံ သဏ္ဍာန် ခန္ဓာအား လူတို့ ဖန်ဆင်း မခံရကြောင်း ထင်ရှားလှပေသည်။ ပုံ သဏ္ဍာန် တော်နှင့် အညီဟု ဆိုရာတွင် လူ၌ရှိသော အရူပအရာခေါ် ဘုရား၏ အဖြစ် တော်ထဲမှ အသိဉာဏ်ပညာ၊ ခံစား နိုင်သောစိတ်၊ ဆန္ဒရှိခြင်းတို့ပင်ဖြစ်သည်။

က။ အသိဉာဏ်ပညာ။ ဘုရားရှင်သည် တွေးခေါ်ကြံဆသော အသိပညာ ရှိသည့် အတွက် ထိုသို့ပြုစွမ်းနိုင်သောကြောင့် လူတို့သည်လည်း၊ ထို့အတူပင် ဖြစ်သည်။ ၎င်းအတွက်ကြောင့်ပင် ဘုရားရှင်က လူသားတို့အား ဖိတ်ခေါ်သည်မှာ "လာကြ၊ တရား စီရင်ကြကုန်အံ့" (ဟေရှာယ ၁း၁၈) ဟူ၍ဖြစ်သည်။ အပြစ်တရားကြောင့် လူသည် ဉာဏ်ပညာ အသိတရားတို့၌ အမှောင် ချခြင်းသို့ ရောက်ရသော်လည်း၊ အတိုင်း တာ တခုအထိတော့ တွေးခေါ် ကြံဆနိုင်ဆဲပင်ဖြစ်သည်။

ခ။ စိတ်ခံစားမှု။ လူသည်ခံစားတတ်သော သတ္တ၀ါပင်ဖြစ်သည်။ ၀မ်းမြောက်ခြင်း၊ ၀မ်းနည်း ခြင်း၊ ငြိမ်သက်ခြင်း၊ စိုးရိမ်ခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ သနားခြင်း၊ ၀န်တိုခြင်း တို့ကို ခံစားနိုင်သည်။ ဘုရားရှင်သည်လည်း အလားတူပင်ဖြစ်ကြောင်း မြောက်များ စွာသော ကျမ်းပိုဒ်တို့တွင် ဘုရားရှင် ၀မ်းမြောက်ခြင်း ၊ အမျက်ထွက်ခြင်း တို့ကို ဖေါ်ပြ ထားလေသည်။

ဂ။ ဆန္ဒ။ "မိမိစေတနာ၏ အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင် ပြုပြင် တော်မူတတ်သော သူ၏ကြံစည်ခြင်းရှိသည့်အတိုင်း " ( ဖေက် ၁း၁၁) ဟူ၍ အလို တော်ကို ဖေါ်ပြသည့် နည်းတူ၊ လူသည် အမှား အမှန်ရွေးချယ်ရန်၊ လုပ်ဆောင်ရန်၊ ဆုံးဖြတ် ခြင်း စသည်တို့ကို ဆန္ဒနှင့်သာ လုပ်ဆောင်ပါသည်။ ထို့ကြောင့်လည်း ဘုရား ရှင်က လူသားတို့အား အပြစ်ဒုစရိုက်မှ လှည့်ပြန်လာ၍ ခရစ်တော် ဘုရား အား ယုံကြည် ကိုးစားရန် ခေါ်ဖိတ်မှုပြုခြင်းပင် ဖြစ်သည်။ ထိုအတွက် လူသည် ဘုရား ရှင်၏ ဤလို တော်နှင့် စကားတော်ကို နာခံရန်၊ ငြင်းပယ်ရန် ရွေးချယ် နိုင်သည်။

လူ၌ အသိပညာ၊ စိတ် ခံစားမှုနှင့် ဆန္ဒတို့သည် အပြစ်တရားကြောင့် အမှောင် ကျခဲ့ကြောင်း ကိုနားလည်ရသလို၊ ထိုအရာတို့သည် လူ၏အဖြစ်၌ ရှိနေသေး ကြောင်းနားလည်ရသည်။ ထို့အတွက်ကြောင့် လူနှင့် ဘုရား မိတ် သဟာယ မပြုနိုင် ခြင်းဖြစ်သည်။ လူသည် အနှိုင်းမဲ့ အတုမရှိသော ဘုရားရှင်၏ ဖြစ်ခြင်း သဘောများထဲမှ အသိ ပညာ၊ စိတ်ခံစားမှုနှင့်၊ ဆန္ဒ အလိုတို့က ဘုရား ရှင်၏ ပုံသဏ္ဍာန် တော်ဟု ဆိုထား ခြင်းပင်ဖြစ်သည်။

*၃။ လူ၌အပိုင်း သုံးမျိုး။* ၁ သက် ၅း၂၃ တွင် ရှင်ပေါလုက ယုံကြည်သူ များ၏ ခန္ဓာ၊ စိတ်၊ ၀ိညာဉ် တို့အား စောင့်မခြင်း ရှိရန် ဆုတောင်း သည်ကို တွေ့ရပါသည်။ ထို့ကြောင့် လူ၌ သုံးပိုင်းရှိကြောင်း သိရပြီး၊ ကွဲပြား ခြားနားသော အငန်း အတာတို့ ရှိကြသလို၊ ရုပ်ပိုင်း ဆိုင်ရာ၊ နာမ် သက်ပိုင်းဆိုင်ရာဟူ၍ တွေ့ရ ပါသည်။ ထို့အတူ "စိတ်" နှင့် "၀ိညာဉ်" ကိုလည်း ထပ်တူထပ်မျှအဖြစ် သမ္မာ ကျမ်းစာ၌ ဘာသာပြန်ဆို မထားကြောင်းကို လည်း သတိပြု သင့်ပေသည်။

က။ ခန္ဓာ။ လူသည် ဤလောကတွင် အသက်ရှင်လာရသည်နှင့် အမျှ အလို အလျောက် ရုပ်ခန္ဓာ ရှိကြလေသည်။ ပေတရုက ဤရုပ်ခန္ဓာအား "ယာယီတဲ" အဖြစ် ညွှန်းဆိုပြီး ထို "တဲ" တွင် နံ၀ိညာဉ် တည်ရှိနေကြောင်း ဆိုပါသည် ( ၂ ကော ၅း၁၊ ၂ ပေ ၁း၁၄)။ လူသည်ရုပ်နှင့် နာမ် ကွဲသွား၍၊ ဤ ရုပ်ခန္ဓာ အား ထားရစ် ရသောအခါတွင် ရုပ်ခန္ဓာသည် မြေမြုပ် သင်္ဂြိုဟ်ခြင်းမှ တပါး အခြား မလိုအပ် တော့ပေ။

ခ။ စိတ်။ သမ္မာကျမ်းစာ၌ စိတ်ကို ရည်ညွှန်းရာတွင် ၎င်း၏ အဓိပ္ပါယ် မှာကား အသက်ကို ဆိုလိုသည်။ ၎င်းနာမ်သက်၀ိညာဉ်က ရုပ်ခန္ဓာအား ထိန်းသိမ်း ပေးခြင်း ဖြစ်သည်။ ဘုရားရှင်က လူအား ဖန်ဆင်းချိန်၌ "သူ၏ နှာခေါင်းထဲသို့ ဇီ၀ အသက်ကို မှုတ်သွင်း တော်မူလျှင်၊ လူသည် အသက်ရှင်သော သတ္တ၀ါဖြစ်လေ၏" ( ကမ္ဘာဦး ၂း၇)။ ခရစ် တော်၏ ကားတိုင်ပေါ်မှ ဖြစ်စဉ်ကို ရှင်မဿဲက ဖေါ်ပြသည်မှာ ခရစ်တော်သည် ကြီးစွာ သော အသံဖြင့် ကြွေးကြော်ပြီးလျှင် "အသက်တော်ကို လွှတ် တော်မူ၏" ( မဿဲ ၂၇း၅၀) ဟူ၍ မှတ်တမ်းတင်ထားပါသည်။ အချို့က ဤ အရာတွင် အမျိုးမျိုး တွေးခေါ် ကြံဆစေနိုင်ငြားလည်း၊ လူသည် ရုပ်ခန္ဓာ၊ စိတ်ခန္ဓာ ဟူ၍ ဖွဲ့စည်းထားပြီး ၊ ၎င်းတို့ အနက် ၀ိညာဉ်ဟူသော နာမ်သက်က ထောက်မ နေကြောင်းကို ရှင်းလင်းစွာ မြင်တွေ့နိုင်ပေသည်။



*၄။ အပြစ်နှင့်ပြည့်သောလူ။*

က။ဒေ၀ဉယျာဉ်တွင် အပြစ်၌ကျဆင်းခြင်း။

ကမ္ဘာဦး အခန်းကြီး ၃ တွင် လူသည်မနာခံခြင်းကြောင့် အပြစ်၌ ကျဆင်း ရခြင်း အကြောင်းကို အသေးစိတ် ဖေါ်ပြထားသည်။ လူသား၏ မနာခံခြင်း ရလာဒ် ကြောင့် အပြစ် တရားသည် ဤလောကသို့ ၀င်ရောက်လာခဲ့သည်။

ခ။ အပြစ်တရားမှ သေခြင်းကိုဆောင်ကျဉ်း။

အပြစ်တရား၏ အခကား သေခြင်းပင်ဖြစ်လေသည် ( ရောမ ၆း၂၃)။ အာဒံ ကျူးလွန် ခဲ့သောအပြစ်သည် တလောကလုံးအား သေခြင်းသို့ရောက်စေခဲ့သည် ( ရော ၅း၁၂၊ ၁၅၊ ၁၇၊ ၁ ကော ၁၅း၂၀-၂၂)။

ဂ။ အာဒံ အပြစ်၌ လူသား အားလုံး သက်ရောက်မှု။

အာဒံ၏ အပြစ်တရားသည် သူ၏မျိုးစဉ် မျိုးဆက်တိုင်အောင် သက်ရောက် စေခဲ့ လေ တော့သည်။ "အကြောင်းမူကား ၊ တယောက်သောသူသည် နား မထောင် သော အားဖြင့် လူအများတို့သည် အပြစ် ရောက်ကြပြီ" (ရောမ ၅း၁၉)။ ဤ အရာ ကို ဗီဇသဘောအတိုင်း ရှင်ဘုရင် ဒါ၀ိဒ်က သဘောပေါက်ခဲ့သည်။ "အကျွန်ုပ် သည် မွေးစကပင် အပြစ်ပါလျှက်ရှိပါ၏၊ အမိ၀မ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင် အပြစ်စွဲပါ၏" (ဆာလံ ၅၁း၅)။ မျိုးစေ့မမှန် ပင်မသန်ဆိုသည့်အတိုင်း လူတိုင်းသည် အပြစ်ဗီဇ စွဲကပ်ပြီး ဒုစရိုက်ကို ပြုကြလေသည်။ ရှင်ပေါလုက "လူအပေါင်းတို့သည် ဒုစရိုက်ကို ပြုကြပြီ" ( ရောမ ၃း၂၃) ဟု ပြောခဲ့သည်။ ဓမ္မဟောင်းကျမ်းတွင် သုံးကြိမ်တိုင်တိုင် အပြစ်နှင့် ကင်းလွတ်သောသူ မရှိဟု အတိအလင်း မှတ်တမ်း တင်ထားပါသည် ( ၃ ရာ ၈း၄၆၊ ၂ ချုပ် ၆း၃၆၊ ဒေသနာ ၇း၂၀)။ ။ ဆယ်မြို့ရယ်စိုးလွင်

# မိခင်ဆိုသည်မှာ

မိခင်ဆိုသည်မှာ - (ဖွန်ပန်း)

မိခင်များနေ့ ရောက်လာတော့မယ် ဆိုတော့ မိခင်တွေရဲ့ရင်ထဲ က ခံစားချက် လေးတွေ၊ လောကမှာ မိခင် အတော်များများ လက်တွေ့ ကြုံနေရတဲ့ ခံစားမှု လေးတွေကို မိခင်တွေရဲ့ကိုယ်စား၊ မိခင်ကိုချစ်တဲ့ သမီးတယောက် အနေနဲ့ သက်သေ ခံချင် ပါတယ်။ တစ်ဦးတစ်ယောက် မဟုတ်ဘဲ၊ အတော်များများ ကျမ မြင်နေ တွေ့နေ ရတဲ့၊ အဖြစ်ဆိုရင် မမှားပါဘူး၊ မိခင်များနေ့ ရောက်ပြီဆိုရင်တော့၊ မိခင် တွေကို ဂုဏ်ပြု အမှတ်တရတွေ လုပ်ပေးနဲ့၊ တကယ့်ကို ၀မ်းမြောက် ဂုဏ်ယူစရာပါဘဲ။ မိခင်များနေ့ ပြီးပြီ ဆိုရင်တော့၊ ပုံမှန်အနေ အထား ပြန်ရောက် သွား ပြန်တယ်၊ ကျမ ကိုယ်တိုင် မိခင် ဘ၀ ရောက်လာမှ ဘဲ



မိခင်တွေရဲ့ ရင်ထဲက အားနည်းချက်တွေ၊ ခံစားချက်တွေကို၊ ပိုပိုပြီး နားလည် လာမိတယ်။ မိခင်ဘ၀ ဟာ တကယ့်ကို စာနာ နားလည်ပေးသင့်တယ်၊ သား သမီး တွေကို ရင်ထဲကနေ ချစ်တတ်တဲ့ မိခင်တွေဆို ပိုပြီးတော့ အထီးကျန်တယ်၊ ကျမ အတော် များများလိုက်ပြီး လေ့လာတဲ့အခါ၊ မိခင်အတော်များများရဲ့ ခံစားချက် တွေက တူညီနေကြတယ်၊ မိခင်များနေ့ ရောက်ပြီ ဆိုရင်တော့ အဲ့ဒီ ခံစားချက်တွေက ၀မ်းသာ မျက်ရည် လည်ရပြန်တယ်၊ ပြီးရင်တော့ ပြီးသွားပြန်ပြီပေါ့၊ ဒါပေမဲ့ မိခင်တွေ ဆိုတော့ သားသမီးတွေကို အပြစ် မပြောရက်ဘူးလေ၊ အမြဲတမ်း ခွင့်လွှတ်ပြုံးလေးနဲ့ ခံစား ချက်တွေကို ရင်ထဲမှာ ထည့်ပြီး မိမိကိုယ် မိမိဘဲ ဖြေသိမ့်နေရတာပေါ့၊ မိခင် ဆိုတာ အဲ့ဒီလိုပါဘဲ အများနည်းတူ၊ တနှစ်တခါ ပွဲလုပ်သလို လုပ်ပြီး လက်ဆော င် တွေ ပေးနေမှ ကျေနပ်နေမဲ့ မိခင်တွေ မဟုတ်ပါဘူး၊ နေ့စဉ်နဲ့အမျှ သားသမီး တွေဆီက ကြင်နာတဲ့ စကားသံလေးတွေ နှုတ်ဆက် စကားလေးတွေ နွေးထွေးတဲ့ အပြောအဆိုလေးတွေဟာ မိခင်တွေရဲ့ ရင်ကို ပီတိဖြစ်စေတာဟာ မိခင်တိုင်းရဲ့ အလို အပ်ဆုံး အရာတခုပါဘဲ။ ခု အတော်များများ မိခင်တွေဟာ၊ သား သမီးတွေရဲ့ အဖြည့်ခံ ဘ၀မှာ ရှိနေရတုန်းဘဲ၊ အိမ်စောင့် ဘ၀မှာ ရောက်နေတဲ့ မိခင်တွေလဲ အများကြီး တွေ့ရ တယ်၊ တချို့ မိခင်တွေ ခမျာမှာလဲ၊ မြေးထိန်းဘ၀က နေပြီး အိမ်တာ၀န်တွေပါ ပိ နေရတဲ့ မိခင်တွေလဲ တပုံကြီးပါဘဲ၊ တဖြေးဖြေးနဲ့ မိခင်တွေရဲ့ ဘ၀ဟာ လူယုံ အိမ် စိုးကြီး အဖြစ်နဲ့ သားသမီး မြေးတွေရဲ့ ကိစ္စ အ၀၀ ကို စီမံ ပေးရတဲ့ ရာထူး ရရှိ



သခင့်စကား ၀ိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၇၇ မေလ ၂၀၁၆ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့် မိတ်သဟာယအဖွဲ့များ အတွင်း အခမဲ့ ဖြန့်ဝေရန် ၈၅၀၀ ထုတ်ဝေသည်။

သွားတာပေါ့။ မိခင် တယောက် ဆိုပြီး၊ တန်ဖိုးထား လေးစားရမဲ့ အစား၊ အမေနဲ့ဆို စိတ်ချ လို့ပါ၊ အမေချက်တဲ့ ဟင်းက ပိုစားလို့ ကောင်းလို့ပါ၊ အမေ ရှိရင် အိမ်ပို လုံခြုံ လို့ပါ အမေရယ်၊ ခလေးတွေက အမေနဲ့မှ အဆင်ပြေတယ်လေ၊ မိခင်တွေက သားသမီး တွေကို အပြစ် မပြောရက်၊ နောက်ပြီး မိခင်ကိုယ်တိုင်က လိုလိုလားလား လုပ်ဆောင် ပေးနေပေမဲ့၊ သားသမီးတွေအနေနဲ့ အသိတရား ရှိရမယ်လေ၊ သင့်ရဲ့ တာဝန် တွေကို သင် ဝမ်းဗိုက်ထဲမှာ ရှိစဉ်ထဲက ယနေ့ထိ သင့်မိခင် ပြုလုပ်ပေးခဲ့တယ်။ သင် သင့်ရဲ့ မိခင်ရဲ့ တာဝန်တွေကို ကျေပြွန်ရဲ့လား၊ မိခင် မရှိတော့မှ မိခင်ကို တမ်းတ နေမဲ့အစား၊ မိခင် မျက်မှောက် မကွယ်ပျောက်ခင် မိခင်ရဲ့ ကျေးဇူးတွေကို ပြန်လည် ဆန်းစစ်ပါ၊

သင့်ရဲ့ မိခင်အပေါ် သင် ဆက်ဆံသမျှ သင့်မိခင် နားလည် ပေးနေပါတယ်၊ သင့်ရဲ့ အပြုအမူဟာ သင့်ရဲ့ မိခင် စိတ်ကျေနပ်မှု ရှိစေရဲ့လား၊ သင် ပြန်စဉ်းစားကြည့်ပါ၊ မိခင်တွေက ဘယ်လောက်ဘဲ နားလည်ပါစေ ခွင့်လွှတ်ပါစေ၊ သားသမီးများ ပြောစရာ မလိုဘဲ သိနေရမယ်လေ၊ မိခင်တွေဟာ ကိုယ်ဝန် လွယ်တဲ့ အချိန်ကစပြီး ဗိုက်ထဲက ခလေး ဘေး မဖြစ်အောင် နေ့စဉ်နဲ့အမျှ ဂရုတစိုက် နေထိုင်စားသောက်ရတယ်၊ သူ စားချင်တဲ့ အရာထက် ခလေး အားရှိမဲ့ အစာတွေကို ရွေးစားရတယ်။ မွေးဖွားမဲ့ အချိန် ဆိုလည်း အသက်နဲ့ ရင်းပြီး မွေးဖွားရတယ်၊ ဒါတွေကို မသိဘူးလား၊ သိလိုက်တာမှ၊ မိခင်တွေ ထက်တောင် ပိုသိသေး၊ မိခင်တွေထက်တောင် ပိုနားလည်သေး။ ဒါပေမဲ့ မိခင်တွေကို နေရာ ပေးလားဆိုတော့၊ အရိုးမရှိတဲ့ လျှာပေါ်မှာဘဲ မိခင်တွေ နေရာ ရနေ ရတယ်၊ အထူးသဖြင့် ခရစ်ယာန်များ၊ သေချာ စဉ်းစားသင့်တယ်၊ သင် မိခင်ကို လက်ဆောင် ပေးရုံနဲ့ သင် အလိုရှိမှ သတိရ ပေးရုံနဲ့၊ မဖြစ် မနေ တာဝန်အရ သင့် ငွေကြေး တွေ ပေးလို့ သင် တာဝန် ကျေပြီလို့ ခံယူထားပြီလား၊ သင် ခရစ်တော်ကို ချစ်လားလို့ ဘုရားကျောင်း သွားရင် ဆရာတွေက မေးတယ် မဟုတ်လား၊ သင် ဘယ်လို ဖြေခဲ့လည်း သင် မနက် အိပ်ယာနိုးရင် သင် ဘယ်သူ့ကို အရင် သတိယလဲ၊ သင် မိခင်များနေ့မှာ သင့် မိခင်ကို ချစ်တယ်လို့ သင် နှုတ်ဆက်တယ်။ ဘုရားကျောင်းမှာ သင် ယေရှုကို ချစ်တယ်လို့လည်း ပြောပြန်တယ်၊ တကယ့် လက်တွေ့မှာ သင့် ကိုယ်သင် အချစ်ဆုံးဘဲ၊ မိခင် တယောက်ကို သင် နေရာ မပေးသ၍၊ သင့်ရဲ့ မွေးမိခင်လို့ သင့်ရဲ့ ဒုတိယနေရာမှာ သင် မထားသ၍၊ သင့်ရဲ့ ပထမ နေရာမှာ ယေရှု မရှိသေးတာ အမှန်ဘဲ၊ ယေရှုကို တကယ် ချစ်တဲ့သူဟာ ပထမ နေရာမှာ ထားရင် ဒုတိယ နေရာဟာ မိခင်ဆိုတာ သတိပေးစရာ မလိုဘူး၊ မိခင် မေတ္တာကို ကျမ သိနားလည်တဲ့ အချိန်က စပြီး ကျမရဲ့ ဒုတိယ ဦးစားပေး နေရာဟာ မိခင် ဖြစ်ခဲ့တယ်၊ တနေ့တခါ ကျမ မိခင်နဲ့ မတွေ့ရရင် တခုခု လိုနေသလို ခံစားရတယ်။

ထိုနည်းတူကျမ မိခင်လဲ ခံစားရတယ်၊ ကျမတို့ နှစ်ဦးရဲ့ ရင်းနီးမှုက အခြား သူတွေထက် ပိုခဲ့တယ်၊ ကျမ မရောက်နိုင်မဲ့ နေ့မျိုးတွေမှာ ကြိုပြောပြထားရတယ်၊ မဖြစ်မနေ ခွင့်ပြုပေမဲ့ မျက်လုံး ကနေ စကားတွေ ပြောလာတယ်၊ နောက်ဆုံး သူဖွင့်ပြောတယ် အကြာကြီး မနေနဲ့၊ နင် မလာတဲ့ နေ့တွေ ငါမနေတတ်ဘူးတဲ့၊ ငါ့ရဲ့ နောက်ဆုံးချိန်မှာ နင် ရှိပေးနော်တဲ့၊ ကျမ အရေးတကြီး ကိစ္စပေါ်လာလို့ ခရီး ထွက်ရမယ် ဖြစ်မလားလို့မေးတော့၊ သွားလေ တဲ့။ အမြန်တော့ ပြန်လာနော် အဲ့ဒီလောက်ထိရမယ် ထင်တာဘဲတဲ့၊ ကျမရဲ့ ဘဝကို အစာနာဆုံး နားအလည်ဆုံး၊ ကျမ ကလည်း ကျမရဲ့ မိခင် အပေါ် နားအလည်ဆုံး အစာနာ ဆုံး၊မိခင် အလိုကျ အသက်ရှင်ခဲ့တဲ့သူ၊ မိမိကိုယ် မိမိ တာဝန် ကျေပါတယ်လို့ ယူဆ ထားတဲ့သူတောင် မိခင်ရဲ့ နောက်ဆုံး အချိန် မှာ မိခင် အဓိက တောင်းဆိုခဲ့တဲ့ ဆန္ဒကို မဖြည့် ပေးလိုက်ရဘူး။ မိခင်တွေ ရှိသေးတဲ့ သားသမီးတွေ၊ ယေရှု ဘုရားကို ချစ်သလို၊ မိခင်တွေကို ချစ်ပါ၊ နေရာပေးပါ၊ ယေရှု ဘုရားက သင့်ရဲ့ အပြစ်တွေ အတွက် အသက်ပေး ချစ်ခဲ့ သလို၊ သင့်ရဲ့ မိခင်ဟာလဲ သင့်ကို အသက်နဲ့ရင်းပြီး မွေးဖွါး ခဲ့တယ်၊ *မိခင် အယောက်ဆီတိုင်း ကြွယ်ဝသော ကောင်းကြီး ခံစားရရှိပါစေ။ ။ * မေတ္တာဖြင့် *ဖွန်ပန်း။

## ဘီလီဂရေဟန် နှင့် သားသမီးတို့၏ စကားများ



Facebook မှတဆင့် ဝိညာဉ် ဖခင်ကြီး Billy Graham သူ့သမီး Anne နှင့် သူ့သား Franklin တို့၏ နောက်ဆုံးသော ကာလအပေါ် ဤသို့ ဆွေးနွေးပြီး ယုံကြည်သူများအား သမ္မာ သတိရှိဖို့ သတိပေးကြပါသည်။

Billy Graham :

များစွာသော ယုံကြည်သူများသည် စာတန်အား တိုက်မည့် အစား လျှမ်းတောက် ထယ်ဝါမှုကို မက်မော နေကြသည်၊ ရွှန်းလက် တောက်ပ ထယ်ဝါ နေမည့် အချိန် မဟုတ်တော့ဘူး၊ အသင်းတော် များစွာသည် လှည့် စားခြင်း နောက်သို့လိုက်ပြီး၊ သမ္မာတရားမှ သွေဖယ် လမ်းလွဲ နေကြပြီ။ ဒါဟာ နောက်ဆုံးသော နေ့ရက် ကာလ၏ နိမိတ်ပဲ။

Anne Graham :

အမေရိကား နဲ့ ကမ္ဘာကြီးသည် ညစ်ညူး ရုပ်ထွေးခြင်းဖြင့် ပြည့်နေ ပြီး၊ ဘုရားကောင်းကြီးနှင့် မျက်နှာသာ ပေးခြင်းမှ လွဲနေပြီ။ အပူတပြင်း ဆုတောင်း ရမည့် အချိန်ဖြစ်တယ်။ ဘုရားသခင် အမျက်တော် တရား စီရင်ခြင်း မကြာခင် လာတော့မယ် ဆိုတာ သတိထား သင့်သည်။ ဘုရား အမျက်တော်အား အဘယ်သူ ခံနိုင်မည်နည်း။

Franklin Graham:

နှုတ်ကပတ်တော် မနာခံခြင်း အပြစ် ကြီးစိုး နေပြီ၊ လူတွေ မနီးကြား ပဲ သမ္မာတရား ဖက်သို့ ပြန် မလှည့်မှာကို အရမ်းစိုးရိမ်တယ်။ ဘာ့ကြောင့်လဲ ဆိုတော့ "အဆုံးသို့ ရောက်လုနီးပြီ"။

*လေဟာပြင်တရားပွဲနဲ့ ဘုရားကျောင်းအတွင်း တရားပွဲမှာ လူအုပ်ကြားထဲ*
*အော်ဟစ် ငိုယို ဒူးထောက်ပြီး တစ်ညနေစာ နောင်တရတဲ့*
*လူပရိတ်သတ်တွေထက် .... တစ်သက်မှာ တစ်ခါ၊ စစ်မှန်တဲ့ နောင်တနဲ့*
*သခင့်ဆီ ပြန်လာတဲ့ လူတွေကိုသာ ဘုရားသခင် မျှော်လင့်နေပါတယ် ။*

*သဘာဂ + လုပ်အား = တန်ဘိုး*




Cartoon by Min Aung Thet Lwin *(ကာတွန်း - မင်းအောင်သက်လွင်)*

((အခြေပြုကျမ်း။ ။ နောင် ကာလ၌ လူတို့သည် စင်ကြယ်သော ဩဝါဒကို နား မခံနိုင်ဘဲ၊ ယား တတ်သော နားရှိလျှင် မိမိ တပ်မက်ခြင်းအတိုင်း များပြားသော ဆရာတို့ နောက်သို့ လိုက်ကြလိမ့်မည်။ သမ္မာတရားကို နားမထောင်ဘဲ။ ဒဏ္ဍာရီ စကားကို နားထောင်၍ လွဲသွား ကြလိမ့်မည်။ ၂တိ ၄း၃ ))



မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ စာမူများကို scan ဖတ်၍ဖြစ်စေ ၊ ဓါတ်ပုံရိုက်၍ ဖြစ်စေ email ; thelordword@gmail.com. နှင့် Viber မှ တဆင့် photo sms ပို့လိုသူ များ ဖုန်း (+၆၅) ၈၁ ၂၂၂ ၃၂၀ သို့ ပေးပို့နိုင်ပါသည်။ သခင့်စကားစာစောင် အဟောင်းများနှင့် အသစ်များကို လစဉ် ဖတ်လိုပါက Facebook account ; **lord's word** တွင် ဖတ်ရှုနိုင်ပါ သည်။ ဝိညာဉ်ရေးရာ ရသစုံ (ကဗျာ၊ကာတွန်း၊ဟာသ၊သက်သေခံချက်၊ဝေငှချက်) စာမူများ ဖတ်ရှုလိုပါက **facebook** account lord's word (သခင့်စကား) နှင့် lord's heart (သခင့်နှလုံးသား)ထံ *friend request* လုပ်ပြီး ဖတ်ရှုနိုင်ပါသည် ။